# ၂၀၂၀ခုနှစ်၏အီကွေတာဆုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရရှိ

၁၅ ရက်၊ ဇွန်လ၊ ၂၀၂၀ ခုနှစ်

"...ဌာနေကရင်တိုင်းရင်းသားတို့၏ရှင်သန်နေထိုင်မှုဘဝပုံစံတွင်
အခြေခံအကျဆုံးဖြစ်သည့်သဘာဝပတ်ဝန်းကျင်ကြီးဆက်လက်ဖွံ့ဖြိုးဝေစည်သန်စွမ်းလာစေရန် ..."

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အခြေခံဥပဒေနိဒါန်း

၂၀၂၀ ခုနှစ်အတွက်အီကွေတာဆုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့် ၎င်းအတွင်းနေထိုင်သောဌာနေ လူထုများက ရရှိကြောင်းကို ဝမ်းသာဂုဏ်ယူစွာဖြင့် မိတ်ဆွေညီကိုမောင်နှမများအားသတင်းကောင်းပါးကာ မျှဝေလိုပါသည်။ အဆိုပါဆုကို ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) က ၂၀၀၂ ခုနှစ်မှစ၍ အစပျိုးခဲ့ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဇီဝမျိုးကွဲများကို ရေရှည်တည်တံ့စွာ အသုံးပြုထိန်းသိမ်းခြင်းအားဖြင့် ဆင်းရဲမွဲတေမှုကိုလျော့ချနိုင်ရန် ကြိုးပမ်းသည့်လူမှုအသိုင်းအဝိုင်းတို့၏ အားထုတ်မှုများအတွက် ဂုဏ်ပြုပေးအပ်ခြင်းဖြစ်ပါသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ဒေသခံဌာနေတိုင်းရင်းသားများကိုယ်တိုင် ဦးဆောင်အကောင်အထည်ဖော်စီမံအုပ်ချုပ်ခြင်းဖြစ်ပြီး ၎င်းသည် ဒေသခံဌာနေတိုင်းရင်းသားများကို အခွင့်အာဏာပေးကာ မြေတောင်မြှောက်ပေးခြင်းမှတဆင့် ဌာနေတိုင်းရင်းသားတို့၏ ရိုးရာထုံးတမ်းဓလေ့များပြန်လည်အားကောင်းရှင်သန်လာအောင်၊ ၎င်းတို့၏ အခွင့်အရေးများကိုအာမခံချက်ရှိရှိပြန်လည်ရရှိအောင်၊ နှင့်၎င်းတို့၏သဘာဝအရင်းအမြစ်များကို ၎င်းတို့ကိုယ်တိုင် စီမံအုပ်ချုပ်နိုင်အောင် လုပ်ဆောင်ပေးလျှက်ရှိနေသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ၅၄၈၅ စတုရန်းကီလိုမီတာအကျယ်အဝန်းရှိပြီး မူတြော်ခရိုင်၊ ကရင်ပြည်နယ်၊ ကော်သူးလေတွင်တည်ရှိကာ ဇီဝမျိုးကွဲစုံလင်စွာကျက်စားနေထိုင်သောဒေသတစ်ခုဖြစ်သည်။ ၎င်းကိုဒေသခံဌာနေတိုင်းရင်းသားများနှင့်ခေါင်းဆောင်များကိုယ်တိုင် အားလုံးပါဝင်နိုင်သောဒီမိုကရေစီစနစ်နှင့် အညီတန်းတူအခွင့်အရေးပြည့်ဝစွာနှင့် ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် စီမံအုပ်ချုပ်လျက်ရှိပါသည်။ ဒေသခံလူထုအချင်းချင်းအကြားပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဌာနေကရင်တိုင်းရင်းသားတို့၏ သဘာဝအရင်းအမြစ်ထိန်းသိမ်းခြင်းဓလေ့များအပေါ်အခြေခံလျှက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ပြည်သူလူထုများသည် တောရိုင်းတိရိစ္ဆာန်ဘေးမဲ့ သစ်တောများ၊ သစ်တောထိန်းသိမ်းရေးနယ်မြေများ၊ နှင့် ကျေးရွာပိုင်ဘုံသစ်တောများကို သတ်မှတ်ဖွဲ့စည်းခဲ့ကြသလို ဌာနေကရင်တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်အပေါ်အခြေခံသည့် "ကော်" နယ်မြေများကိုပြန်လည်တိုင်းထွာမှတ်တမ်းတင်ခဲ့ပြီ ဖြစ်သည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် အထက်မှအောက်သို့စီးဆင်းသောစီမံအုပ်ချုပ်မှုစနစ်၊ စစ်မက်ကိုပိုမိုအားပေးသောစနစ်၊ သဘာဝပတ်ဝန်းကျင်အားပိုမိုပျက်စီးစေသောစနစ်၊ စသည်များအပေါ်အခြေခံသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို တွန်းလှန်နိုင်သည့် အခြားဖွံ့ဖြိုးရေးနည်းလမ်းများရှိကြောင်းကိုသက်သေထူ အကောင်အထည်ဖော်ပြသသည့် သာဓကတစ်ခုဖြစ်သည်။

ယခုကဲ့သို့ ဂုဏ်ပြုဆုကို သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရရှိလိုက်ခြင်းက မူတြော်ခရိုင်အတွင်းရှိဌာနေကရင်တိုင်းရင်းသားတို့၏ကြိုးပမ်းအားထုတ်မှုနှင့်အောင်မြင်မှုအား နိုင်ငံတကာအသိုင်းအဝိုင်းက တိုက်ရိုက်အသိအမှတ်ပြုကြောင်းကို ပြသလိုက်ခြင်းဖြစ်ပြီး ဤဌာနေကရင်တိုင်းရင်းသားတို့၏ဓလေ့ထုံးတမ်းအရ အသက်ရှင်နေထိုင်မှုပုံစံနှင့် တန်ဖိုးများကိုပိုမိုမြင်သာလာစေသလို ၎င်းတို့၏အခွင့်အရေးနှင့်နယ်မြေကိုကာကွယ်ပေးရန်အတွက် အရေးကြီးကြောင်းကို ပိုမိုမြင်သာထင်ရှားစေပါသည်။ ထို့ပြင် ဒေသခံဌာနေတိုင်းရင်းသားများသည် ကျွန်ုပ်တို့ကမ္ဘာမြေ၏ကျန်းမာရေးအတွက် ပံ့ပိုးပေးသောသူများနှင့်မရှိမဖြစ်အရေးပါသောသူများဖြစ်သည်ဟူသော ကမ္ဘာတဝှမ်း၏ကြွေးကြော်ချက်ကိုလည်း ထပ်လောင်းခိုင်မာစေပါသည်။

ဂုဏ်ပြုဆုရရှိသောသူများကို ဇွန်လ (၅) ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပြီး တရားဝင်ဆုချီးမြှင့်ခြင်း အခမ်းအနားအပါအဝင်အခြားသက်ဆိုင်ရာအခမ်းအနားများကို စက်တင်ဘာလအတွင်းကျရောက်သော ရာသီဥတုရက်သတ္တပတ် (Climate Week) တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ လက်ရှိဖြစ်ပွားနေသော ကိုဗစ် ၁၉ ကပ်ရောဂါနှင့်စပ်လျဉ်းသောစိုးရိမ်မှုများကြောင့် အခမ်းအနားများကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ နယူးယောက်မြို့တွင် ဒီဂျီတယ် (အွန်လိုင်း) အစီအစဉ်ဖြင့်သာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကိုပံ့ပိုးကူညီပေးခဲ့ကြသောသူများအားလုံး၊ အထူးသဖြင့် မူတြော်ခရိုင်ဒေသအတွင်းရှိ ဌာနေကရင်တိုင်းရင်းသားများနှင့် နှစ်ပေါင်းများစွာမဆုတ်မနစ် လက်တွဲလုပ်ဆောင်ခဲ့သောသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်းဖော်ပြလိုပါသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်လူထုအသိုင်းအဝိုင်း၏ ရည်မှန်းချက်များပြည့်ဝဖို့ရန်အတွက် လုပ်ဆောင်ရန်များစွာရှိပါသေးသည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိရပ်ရွာလူထုများနှင့် ကရင်အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခက်အခဲကြားမှ ကြိုးပမ်းအားထုတ်မှုကို နိုင်ငံတကာမှအသိအမှတ်ပြုခြင်းကြောင့်သော်လည်းကောင်း၊ မူတြော်ခရိုင်ဒေသ၏ဌာနေတိုင်းရင်းသားတို့နှင့် တစ်စိတ်တစ်ဝမ်းတည်းရှိကြောင်းကိုသိရှိရခြင်းကြောင့်သော်လည်းကောင်း၊ ကျွန်ုပ် တို့အားတက်မိပါသည်။ ယခုလိုအသိအမှတ်ပြုဂုဏ်ပြုခံရခြင်းမှရရှိသောအင်အားများကိုယူပြီး သက်ရှိအားလုံးငြိမ်းချမ်းစွာဖြင့်အမှန်တကယ်အတူတစ်ကွနေထိုင်နိုင်သောနေရာတစ်ခုကို ကျွန်ုပ်တို့၏ ဌာနေကရင်တိုင်းရင်းသားကိုယ်တိုင် ဖန်တီးတည်ဆောက်သွားနိုင်ရန်အတွက် ကျွန်ုပ်တို့၏လုပ်ငန်းများကို ရှေ့ဆက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်**
**စောဖေါလ်စိန်ထွား၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊** paulkesan@gmail.com
+66 (0) 81-724-7093

**Media Links:**

၂၀၂၀ခုနှစ်အတွက်အီကွေတာဆုရရှိသူစာရင်းနှင့်ပတ်သက်ပြီး UNDP ၏ ကြေငြာချက်
https://www.undp.org/content/undp/en/home/news-centre/news/2020/11th-equator-prize-.html

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်နှင့်ပတ်သက်ပြီးဖေါ်ပြချက်
https://www.equatorinitiative.org/2020/06/04/salween-peace-park/